# နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (အိုင်စီစီ) တွင်

# မြန်မာ စစ်အာဏာရှင် ခေါင်းဆောင်များအား စွဲချက်တင်နိုင်ရေး သုံးသပ်ချက်


မြန်မာနိုင်ငံမှ စစ်ခေါင်းဆောင်တို့သည် အာဏာရှင်စနစ်တွင် သာယာယစ်မူးကာ အာဏာကို အလွဲသုံးစား လုပ်နေခဲ့ကြသည်။ သူတို့ကိုယ်တိုင်က စံနမူနာပြ လိုက်နာကျင့်သုံးအပ်သည့် ပြည်တွင်းဥပဒေများကို၎င်း၊ နိုင်ငံတကာ ဥပဒေနှင့် သဘောတူညီချက်များကို၎င်း အကြီးအကျယ် ချိုးဖောက်ကာလျက် ပြစ်မှုကြီးပေါင်းများစွာကို ကျူးလွန်နေခဲ့ကြသည်။ ကျူးလွန်ခဲ့ကြောင်း ဝန်ခံခြင်း မရှိရုံမက မကျူးလွန်ခဲ့သယောင်ယောင် ဟန်ဆောင်ဖုံးဖိနေခဲ့ကြသည်။ ကာယကံမြောက် ကျူးလွန်ခဲ့သူတို့အား အရေးယူရန်လည်း ပျက်ကွက်နေခဲ့ကြသည်။ အဆိုးဆုံးမှာ နောက်နောင်တွင် ထိုသို့ကျူးလွန်မည် မဟုတ်တော့ကြောင်း၊ ထိုသို့ကျူးလွန်ရန် မည်သူ့ကိုမျှလည်း ခွင့်ပြုနိုင်မည်မဟုတ်ကြောင်း အာမခံချက်များ ရှိမနေခြင်းပင် ဖြစ်သည်။

နိုင်ငံတခုကို ဖွဲ့စည်းအုပ်ချုပ်ရာတွင် စီမံခန့်ခွဲရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး ဟူ၍ အဓိကမဏ္ဍိုင်ကြီး သုံးခုရှိသည်။ အာဏာအလွဲသုံးစားသူတို့က သူတို့စိတ်ကြိုက် ဥပဒေပြုလျက် စီမံခန့်ခွဲ အုပ်ချုပ်နေရုံမက တရားစီရင်ရေးစနစ်ကိုပါ ဝင်ရောက်စွက်ဖက်လျက် စိတ်တိုင်းကျ ချယ်လှယ်လွှမ်းမိုးနေပြန်သည်။ ဤသည်မှာ နိုင်ငံတခု၏ ပြည်တွင်းရေး ပြဿနာ ဖြစ်၍ နိုင်ငံသားတို့ကသာ ပူးပေါင်းဖြေရှင်းရသည့်ကိစ္စဖြစ်သည်။ အခြားနိုင်ငံနှင့် နိုင်ငံတကာအဖွဲ့အစည်းများက ကြားဝင် ဖြေရှင်းပေးနိုင်သည့်ကိစ္စ မဟုတ်ပေ။

သို့သော် ထိုသို့အာဏာအလွဲစားမှုကြောင့် နိုင်ငံတကာ ဥပဒေများ၊ သဘောတူညီချက်များကို ဖောက်ဖျက်လာလျှင်မူ - ဥပမာ- ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်၊ ဂျီနီဗာ သဘောတူညီချက်များကို ဖောက်ဖျက်ခြင်း အစရှိသည့် ပြစ်မှုများတွင် သက်ဆိုင်ရာ နိုင်ငံနှင့်အဖွဲ့အစည်းများက ဝင်ရောက်ကိုင်တွယ် စီရင်မည်ဖြစ်သည်။

အပြစ်တခု ကျူးလွန်မိသူအား နောင်တချိန် ထပ်မံ မကျူးလွန်စေရန် ထိန်းချုပ်တားဆီးရေးနှင့် ထိုသူအား ပြုပြင် ထိန်းကျောင်းကာ လမ်းကြောင်းမှန်သို့ ပြန်လည်ပို့ဆောင်ပေးရေးသည် တရားစီရင်ရေးစနစ်၏ အဦးဆုံးသော ရည်ရွယ်ချက် ဖြစ်သည်။ အဆိုပါရည်ရွယ်ချက်ဖြင့် လုပ်ဆောင်နေသည့်တိုင်အောင် ဆက်ကာဆက်ကာ ထပ်မံ ကျူးလွန်နေသောအခါ ထိန်းချုပ်တားဆီးရန် မတတ်နိုင်တော့ပဲ အရေးယူ အပြစ်ပေးရန်သာ ရှိတော့သည်။

တရားစီရင်ရေးများတွင် ပြည်တွင်း၌ သမာသမတ်ကျစွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်း မရှိသေးသည့် ရာဇဝတ်မှုများအပေါ် နိုင်ငံတကာမှ လစ်လျူရှု မထားပါ။ ဤလိုအပ်ချက်ကို ဖြည့်စွက်ပေးသည်မှာ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (အိုင်စီစီ) ဖြစ်သည်။

| |  |
| --- | --- |
| နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး | (အင်္ဂလိပ်ဘာသာဖြင့်) International Criminal Court - အတိုကောက် - ICC<br>(ပြင်သစ်ဘာသာဖြင့်) Cour Pénale Internationale (French) |
| ရုံးစိုက်ရာ | The Hague, Netherlands |
| ရုံးသုံးဘာသာစကား | English and French |
| အဖွဲ့ဝင်နိုင်ငံ အရေအတွက် | 108 states |
| လက်ရှိ အကြီးအကဲ | President Sang-Hyun Song |

| | |
|---|---|
| စတင်တည်ထောင်ခြင်း | Rome Statute adopted 17 July 1998 - Entered into force 1 July 2002 |
| Website | http://www.icc-cpi.int |

## Article 5 of the Rome Statute ၏ ခွင့်ပြုချက်အရ ICC မှ တရားစွဲဆို ဆုံးဖြတ်စီရင်နိုင်သော ရာဇဝတ်မှုများ (နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် အစိုးရိမ်ရဆုံး ရာဇဝတ်မှုများ)

| | ICC မှ တရားစွဲဆို ဆုံးဖြတ်စီရင်နိုင်သော ရာဇဝတ်မှုများ | အင်္ဂလိပ်ဝေါဟာရ | မှတ်ချက် |
|---|---|---|---|
| ၁ | မျိုးတုန်းစေရန် စနစ်တကျ စီစဉ်သတ်ဖြတ်ခြင်း | genocide | မည်သူ့ကိုမဆို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံးတွင် မည်သည့်အချိန်တွင်မဆို တရားစွဲဆိုနိုင်သည်။ |
| ၂ | လူသားများအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ | crimes against humanity | |
| ၃ | စစ်ဖြစ်နေစဉ်အတွင်း ရာဇဝတ်မှု ကျူးလွန်ခြင်း | war crimes | |
| ၄ | မိမိကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့် အထောက်အထား မရှိင်လုံပဲ သူတပါးအား စစ်ရေးအရ ကျူးကျော် ရန်စသည့် ရာဇဝတ်မှု | crime of aggression | |

| | နောက်ထပ်ဖြည့်စွက်ရန် တောင်းဆိုနေကြသည့် ရာဇဝတ်မှုများနှင့် ဖြည့်ရန် မအောင်မြင်သေးသော ရာဇဝတ်မှုများ | အကြောင်းရင်း |
|---|---|---|
| ၁ | အကြမ်းဖက်မှု Terrorism | အကြမ်းဖက်မှု၏ အဓိပ္ပာယ် အပေါ် သဘောတူညီချက် မရသေး |
| ၂ | မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ် ဖောက်ကားခြင်း Drug trafficking | ICC က အကန့်အသတ်ဖြင့် ကိုင်တွယ်ဖြေရှင်းနေသော ကိစ္စ (၄)မျိုးနှင့် ရောထွေးကာ ရှုပ်ထွေးသွားနိုင်ဖွယ်ရှိ။ |
| ၃ | အနုမြူ လက်နက်များ သုံးစွဲခြင်း | အိန္ဒိယမှ အဆိုပြုသော်လည်း မအောင်မြင်၊ ဤကိစ္စများသည် war crimes မဟုတ်ဟု ရှင်းလင်းစွာ ဖော်ပြချက်အပေါ် အိန္ဒိယက စိုးရိမ် ပူပန်မှု ရှိနေ |
| ၄ | လူအမြောက်အမြား သေကြေစေနိုင်သည့် လက်နက်ပြင်းများ သုံးစွဲခြင်း WMD | |

၂၀၀၂ ခုနှစ် ဇူလိုင် (၁)ရက်နေ့မှစ၍ အတည်ဖြစ်ခဲ့သော နိုင်ငံတကာ ရာဇဝတ်မှုများဆိုင်ရာ တရားရုံး ပဋိညာဉ်စာချုပ် (Rome Statute of the International Criminal Court) အရ အဆိုပါတရားရုံးကို စတင်ခဲ့သည်။ ထိုနေ့မှစ၍ (သို့) ထိုနေ့နောက်ပိုင်း ကျူးလွန်ခဲ့သည်များကို တရားရုံးသို့ စွဲချက်တင်နိုင်သည်။ တရားဝင်တည်ရှိသောတရားရုံးမှာ ဟော်လန် နိုင်ငံ သည်ဟော့ဂ်မြို့တွင် ရှိသော်လည်း အမှုများကို ကမ္ဘာ၏ မည်သည့်နေရာတွင်မဆို ကြားနာစစ်ဆေးနိုင်ဖွယ် ရှိသည်။

၂၀၀၉ ခုနှစ် မတ်လအထိ ICC တွင် အဖွဲ့ဝင်ပေါင်း (၁၀၈)နိုင်ငံ ရှိနေပြီး ဖြစ်သည်။ နောက်ထပ် အဖွဲ့ဝင် နိုင်ငံ (၄၀)မှာ ICC အဖွဲ့ဝင်ဖြစ်ရန် လက်မှတ်ရေးထိုးပြီးဖြစ်သော်လည်း ပဋိညာဉ်စာချုပ်ကို လက်မှတ်မထိုးရသေးပဲ ရှိနေသေးသည်။ ICC အပေါ် ဝေဖန်ထားကြသည့်နိုင်ငံအချို့တွင် တရုတ် ရုရှား၊ အိန္ဒိယနှင့် အမေရိကန်ပြည်ထောင်စုတို့ပါဝင်နေပြီး အဖွဲ့ဝင် ဖြစ်ရန်လည်း မကြိုးပမ်းကြသေးပဲ ရှိနေသည်။

## ယေဘုယျအားဖြင့် ICC မှ လက်ခံနိုင်သော ရာဇဝတ်မှု အခင်းအကျင်း

1. စွပ်စွဲခံရသူသည် အဖွဲ့ဝင်နိုင်ငံတခု၏ နိုင်ငံသားဖြစ်နေလျှင်၊
2. အဖွဲ့ဝင်နိုင်ငံတခု၏ ပိုင်နက်နယ်မြေအတွင်း ကျူးလွန်သည်ဟု စွပ်စွဲခံရသည့် အမှုဖြစ်လျှင်၊
3. ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ICC သို့ လွှဲပြောင်းပေးသည့် အခြေအနေဖြစ်လျှင် ICC မှ ဆုံးဖြတ်စီရင်နိုင်သည်။

<u>အခြား လုပ်ပိုင်ခွင့်များ</u>

1. အဖွဲ့ဝင်နိုင်ငံ၏ တည်ဆဲတရားရေးစနစ်၌ လစ်ဟာနေသည်များကို ICC မှ ထပ်မံ ဖြည့်စွက် ပေါင်းထည့်ပေးနိုင်သည်။
2. အထက်ဖော်ပြပါ ရာဇဝတ်မှု အမျိုးအစား (၄)မျိုးကို အဖွဲ့ဝင် နိုင်ငံ၏ တရားရုံးများမှ စုံစမ်းစစ်ဆေးရန်၊ ကြားနာ ဆုံးဖြတ်စီရင်ရန် ဆန္ဒမရှိလျှင် (သို့) ထိုသို့မလုပ်နိုင်လျှင် ICC မှ ဝင်ရောက်ဆောင်ရွက်မည်ဖြစ်သည်။ သို့သော် စုံစမ်းစစ်ဆေးခြင်း၊ အပြစ်ပေးခြင်း တို့ကို သက်ဆိုင်ရာ အဖွဲ့ဝင်နိုင်ငံများမှသာ အဓိကတာဝန်ယူရမည် ဖြစ်သည်။

ဆူဒန်သမတ Omar al-Bashir အား 4 March 2009 နေ့တွင် war crimes and crimes against humanity ကျူးလွန်သည်ဟု ICC မှ စီရင်ဆုံးဖြတ်ပြီး ဖမ်းဝရမ်းထုတ်ခဲ့သည်။ သို့သော် သူသည် အဖမ်းမခံပဲ ထွက်ပြေးလွတ်မြောက် နေသဖြင့် ICC မှ အလိုရှိနေသော ဝရမ်းပြေးအဖြစ် သတ်မှတ်ခံရသည်။ ICC မှ အပြစ်ရှိသည်ဟု စီရင်ဆုံးဖြတ်ခံရသူ စုစုပေါင်း (၁၄)ဦးရှိသည်။ (၇)ဦးမှာ အပြစ်ပေးခံရခြင်း မရှိသေးပဲ လွတ်မြောက် နေဆဲဖြစ်သည်။ ကွယ်လွန်သွားခဲ့သူ(၂)ဦး ရှိပြီး ထိန်းသိမ်းခံနေရဆဲ(၅)ဦး ရှိသည်။ ICC မှ ပထမဦးဆုံး ဆုံးဖြတ်ခဲ့သည့် အမှုမှာ ကွန်ဂိုစစ်ခေါင်းဆောင် သောမတ်စ် လူဘန်ဂါ (Thomas Lubanga)၏ အမှုဖြစ်ပြီး ၂၀၀၉ ဇန်နဝါရီလ(၂၆)ရက်က ဖြစ်သည်။

## ICC မှ ယနေ့ထိ အမှုဖွင့် စုံစမ်းစစ်ဆေးခဲ့ပြီးသည့် အခြေအနေ (၄)ခု

| | | | ရာဇဝတ်မှု အမျိုးအစား | စုံစမ်းစစ်ဆေးမှု စတင်ချိန် | ထိန်းသိမ်းခံ- ထွက်ပြေး | |
|---|---|---|---|---|---|---|
| ၁ | မြောက်ပိုင်း ယူဂန်ဒါ၊ | | | July 2004 | | နိုင်ငံအစိုးရ |
| ၂ | ကွန်ဂို၊ | | | June 2004 | | နိုင်ငံအစိုးရ |
| ၃ | အာဖရိက အလယ်ပိုင်းနိုင်ငံ | | | May 2007 | | နိုင်ငံအစိုးရ |
| ၄ | ဒါဖာ (ဆူဒန်နိုင်ငံ) | Ahmed Haroun | war crimes and crimes against humanity | June 2005 | ထွက်ပြေး | UNSC မှ ICC သို့ လွှဲပြောင်းသည့် အခြေအနေ Resolution 1593 |
| | | Ali Kushayb | | | ထွက်ပြေး | |
| | | Omar al-Bashir | | | ထွက်ပြေး | |
| | | Bahr Idriss Abu Garda | | | လာရောက် အစစ်ခံ | |

## လက်ရှိ မြန်မာ့နိုင်ငံရေး အခြေအနေတွင် နအဖ စစ်ခေါင်းဆောင်များအား ICC ၌ တရားစွဲဆိုခြင်းအပေါ် သုံးသပ်ချက်

| | |
|---|---|
| ဆုံးဖြတ်စီရင်မည့်နေရာ | ICC |
| တရားစွဲဆိုမည့် ICC အဖွဲ့ဝင် နိုင်ငံ (သို့) လုံခြုံရေးကောင်စီ | ………………… |
| တရားစွဲဆိုခံရမည့်သူများ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ စစ်ခေါင်းဆောင်များ |
| တရားစွဲဆိုနိုင်လောက်အောင် နအဖက ကျူးလွန်ထားသော ရာဇဝတ်မှုများ | 1. genocide<br>2. crimes against humanity |

| | |
|---|---|
| | 3. war crimes<br>4. crime of aggression (ထင်ရှားသည့် သက်သေခံတခုမှာ အကြမ်းမဖက် လူထုဆန္ဒပြပွဲများတွင် ပါဝင်သည့် အရပ်ဘက်ပြည်သူတို့အား နအဖက အဓိကရုဏ်းနှိမ်နင်းရေးတပ်များကို မသုံးပဲ စစ်တပ်အား အမိန့်ပေးကာ အကြမ်းဖက် စီးနင်းတိုက်ခိုက်၍ သတ်ဖြတ်ဖြိုခွဲစေခြင်း၊ နောက်ထပ်ထင်ရှားသည့် သက်သေခံတခုမှာ တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် အရပ်ဘက် ပြည်သူတို့အား စစ်ရေးပုံစံဖြင့် ရန်စကျူးကျော်တိုက်ခိုက်ခြင်း စသည့် အကြောင်းရင်းများ) |
| ICC မှ လက်ခံနိုင်ခြေ | ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ICC သို့ လွှဲပြောင်းပေးသည့် အခြေအနေ |
| ရည်မှန်းချက် | သွယ်ဝိုက် အကျိုးသက်ရောက်မှုများဖြင့် နအဖအား ဖိအားပေးခြင်း |
| သွယ်ဝိုက် အကျိုးသက်ရောက်မှုများ | 1. နအဖအပေါ် မြန်မာစစ်တပ်မှ အယုံအကြည်မဲ့သွားစေခြင်း<br>2. ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေး အကျဉ်းသမားများအား ပြန်လွှတ်ပေးရန် နအဖအပေါ် ဖိအားသက်ရောက်ခြင်း<br>3. ဒီမိုကရေစီအတွက် ပြည်တွင်းပြည်ပ မြန်မာတို့၏ နိုင်ငံရေး လှုပ်ရှားမှုများ ကျယ်ပြန့်လာခြင်း<br>4. နအဖအား ထောက်ခံသည့် နိုင်ငံများမှ ဆက်လက် ထောက်ခံမှု မပေးတော့ခြင်း။ အထူးသဖြင့် လုံခြုံရေးကောင်စီမှ တရုတ်နှင့် ရုရှား။<br>5. နအဖအား ပြစ်ဒဏ်ခတ် ပိတ်ဆို့မှုများ ပိုမို ပြင်းထန် ကျယ်ပြန့်လာခြင်း<br>6. မြန်မာ့ဒီမိုကရေစီအရေးကို နိုင်ငံတကာမှ ပိုမိုထောက်ခံ အားပေးလာခြင်း<br>7. နအဖ အာဏာပိုင်တို့က နောက်ထပ် ကျူးလွန်လာနိုင်ဖွယ်ရှိသော လူ့အခွင့်အရေး ဖောက်ဖျက်မှုများကို ကြိုတင်ဟန့်တားနိုင်ဖွယ် ရှိခြင်း။<br>8. အခြား....... |
| နောက်ဆုံးရလဒ် | နအဖ တဖွဲ့လုံးအား ICC မှ အပြစ်ရှိသည်ဟု ဆုံးဖြတ်စီရင်ခြင်း |

Compiled and analyzed by Lwin Aung Soe – 2009

ကိုးကား - http://en.wikipedia.org/wiki/International_Criminal_Court

မှတ်ချက်။ ဂျပန်နိုင်ငံတိုကျိုမြို့တွင် ၁၅-၈-၂၀၀၉ နေ့က ကျင်းပပြုလုပ်သော အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICC)တွင် စွဲချက်တင်ရန် တောင်းဆိုမှုအား ထောက်ခံဆွေးနွေးပွဲ၌ ဖြန့်ဝေခဲ့သည့်စာကို ထပ်မံဖြည့်စွက် အချောသတ်ထားခြင်း ဖြစ်ပါသည်။